WE ARE YOUR SCHOOLS

# အဝေးမှသင်ယူခြင်း မျှော်လင့်ချက်များ

*www.fortwayneschools.org/remotelearning*

ကျေးဇူးပြု၍ သင်၏ကျောင်းသားသည် အဝေးသင်ယူခြင်း အလုပ်လုပ်ခြင်းမှ သေချာစွာ အကျိုးအရှိဆုံးဖြစ်စေနိုင်ရန် ဤလမ်းညွှန်ချက်များကို ပြန်လည် သုံးသပ်ကြပါ၊

## နေ့စဉ် အစီအစဉ်

**ကျောင်းသားများသည် တနင်္လာနေ့မှ–သောကြာနေ့အထိစာသင်ခန်းတွင် ရောက်ရှိနေ၍ ဆက်ဆံသင်ယူရန် မျှော်လင့်ထားသည်၊**

- အုပ်စု 1 နှင့် အုပ်စု 2 တို့သည် အဝေးသင် လုပ်ငန်းတွင် အကျုံးမဝင်ပါ၊
- ဗုဒ္ဓဟူးနေ့များမှ အပ ကျောင်းတက်သည့်အချိန်မှာ နံနက် 7:20 a.m.မှ ညနေ -2:15 p.m.အထိဖြစ်ပါသည်၊ (Towles: 7:55-2:35),
- ဗုဒ္ဓဟူးနေ့ နှစ်နာရီ နောက်ကျ၍ ကျောင်းတက်ရချိန်မှာ 9:20 a.m.-2:15 p.m. (Towles: 9:55-2:35)
- **ကျောင်းသားများသည်** ဆီလျော်သောအမှတ်ကို ရရှိနိုင်ရန် တာဝန်များအားလုံးကို အချိန်တိကျမှန်ကန်စွာ လုပ်ဆောင်ရပါလိမ့်မည်၊
- **မိဘများသည်** ကျောင်းသားကျောင်းစာနောက်မကျ သွားစေရန် သူတို့ ကလေး၏ နေ့စဉ်ကျောင်းတက်ရောက်မှုနှင့် တာဝန်ပေးမှု တို့ ကို သေချာစွာ စစ်ဆေးသင့်ပါသည်၊
- အချို့သော **ကျောင်းသားများသည်** အဝေးမှ သင်ယူနေသော ကာလအတွင်း standardized ပြည်နယ်အဆင့်မီ စာမေးပွဲ ဖြေဆိုရန် လိုအပ်ပါလိမ့်မည်၊လိုအပ်ပါက **ဆရာများသည်** ကျောင်းသားများကို စာမေးပွဲ လုပ်ငန်းစဉ်နှင့် လုပ်ထုံးတို့ကို မျှဝေပါလိမ့်မည်၊

## တက်ရောက်ခြင်း

**ပုံမှန် တက်ရောက်ခြင်း စည်းကမ်းများ အကျုံးဝင်ပါသည်၊**

- **ကျောင်းသားများသည်** နေ့စဉ် Google ဖေါင်ပုံစံကို အသုံးပြု၍ ဆိုင်းအင်ဝင်ရောက်ကြမည်ဟု မျှော်လင့်ထားသည်၊
- နောက်ကျ၍ ဆိုင်းအင်ဝင်ရောက်ခြင်း(သို့) မပြည့်စုံပါက ဆီလျော်သော ပျက်ကွက်ခြင်း၊ နေက်ကျခြင်း(သို့) ကျောင်းပြေးခြင်း သက်မှတ်ပါလိမ့်မည်၊
- **ကျောင်းသားများသည်** Zoom ပေါ်တွင် ဆရာက သက်မှတ်ထားသောအချိန်တွင် ရောက်ရှိနေရန်မျှော်လင့်ပါသည်၊ ခွင့်ပြုချက်မရရှိဘဲ ထွက်ခွာသွားခြင်းသည် စာသင်ခန်းအတွင်းမှ ထွက်ခွာသွားခြင်းကဲ့သို့သော အပြစ်ပေးခြင်းနှင့် ခြားနားလိမ့်မည် မဟုတ်ပါ၊
- **မိဘများသည်** မဖြစ်မနေ ကျောင်းသား ကျောင်းဖွင့်ရက်၏ မည်သည့် အစိတ်အပိုင်းတွင်မဆို ပျက်ကွပ်ပါက မိဘများသည် ကလေး၏ကျောင်းသို့ ဆက်သွယ်ရလိမ့်မည်၊ အကယ်၍ သင်တို့၏ကလေးသည် ဖျားနေပါက သူတို့၏ လက္ခဏာများနှင့် COVID-19 စစ်ဆေးမှုမှရောဂါ ကင်းရှင်းကြောင်း ရလဒ်များကို တင်ပြပါ၊ ဖုံးခေါ် ၍ အကြောင်းမကြားပါက ကျောင်းပြေးသည်ဟု ယူဆပါလိမ့်မည်၊



## နည်းပညာ

လက်တော့ပ်များနှင့် MiFis များအတွက် နည်းပညာအထောက်အပံ့ကို FWCS Help Desk at **467-4357 Mon-Fri, 7:30 a.m.-8 p.m.** တွင် ရရှိနိုင်ပါမည်၊

## ပူးတွဲ– သင်ရိုးညွှန်းတမ်းများ

အလယ်တန်းကျောင်း ဘက်စကတ်ဘောရွေးချယ်လေ့ကျင့်ခြင်းကို အင်္ဂါနေ့၊ ဒီဇင်ဘာလ 1.ရက် နေ့တွင် စတင်ပါလိမ့်မည်၊

## အစားအစာ

**Nov. 24, အင်္ဂါနေ့တွင် အစေးသင်ကျောင်းသားများအားလုံးသည် အပတ်စဉ် အစားအစာ ရရှိရန် အတွက်အရည်အခြင်းနှင့် ပြည့်စုံပါသည်၊**

- လာယူနိုင်သည့်အချိန်မှာ ညနေ 5-6 p.m.အတွင်းဖြစ်ပါသည်၊
- အစေးသင်ကျောင်းသားအသစ်များသည် သူတို့အဆင်ပြေသည် အထက်တန်းကျောင်းတွင် ဦးစွာရောက်သူကို အရင်ပေးဝေပါလိမ့်မည်၊
- ယူဆောင်နိုင်ရန်အတွက် ကျောင်းသား၏နာမည်၊ တက်ရောက်သောကျောင်းနှင့် အတန်းအဆင့်တို့ လိုအပ်ပါလိမ့်မည်၊
- အစေး မှနေ၍ အစားအစာများ လက်ခံရရှိထားသော ကျောင်းသား မိသားစု များသည် ၎င်းတို့အတွက်သက်မှတ်ထားပြီးသားနေရာတွင် ဆက်လက်၍ ရယူနိုင်ပါလိမ့်မည်၊

## ZOOM မျှော်လင့်ချက်များ

**ဆရာမှ သက်မှတ်ထားသည့်အတိုင်း ကျောင်းသားများသည် Zoom ဖြင့်ပြုလုပ်သော သင်ခန်းစာအချိန်တို့ကို မဖြစ်မနေ အချိန်တိကျမှန်ကန်ရန် လိုအပ်ပါသည်၊**

- **ကျောင်းသားများသည်** နာမည် အပြည် သုံးရန်လိုသည်၊
- စောင့်ဆိုင်းခန်းများကို လုံခြုံရေးအတွက် အသုံးပြုပါလိမ့်မည်၊
- **ကျောင်းသားများသည်** မျက်နှာတစ်ခုလုံးကို မြင်နိုင်ရန်အတွက် စက်၏ ကင်မရာကို ဖွင့်ထားရန်လိုပါသည်၊
- **ကျောင်းသားများသည်** အနှောင့်အယှက်ကင်းသော ပတ်ဝန်းကျင်ဖြစ်စေရန်နှင့် စာသင်ခန်းအတွက် ဆီလျှော်သောဝတ်စားဆင်ယင်မှုနှင့် မတ်မတ်ထိုင်ရန်လိုအပ်သည်၊
- fortwayneschools.org/remote-learning. တွင် ကျောင်းသားများသည် FWCS နောက်ခံ ကို အသုံးပြုရန်လိုသည်၊

- **ကျောင်းသားများသည်** ဆရာမှ ညွှန်ကြားချက်မရှိပါက မိုက်ကရိုဖုံးကို အသံပိတ်ထားရန် လိုအပ်ပါသည်၊
- **ကျောင်းသားများသည်** မဖြစ်မနေ အာရုံစူးစိုက်နေရမည်၊ ဆွေးနွေးမှုများတွင် ပါဝင်ရမည်၊ မေးခွန်းမေးလာ သောအခါ ဖြေဆိုရန် ပြင်ဆင်ထားရမည်၊
- **မိဘများသည်** ကျောင်းသားမိသာစုဝင်များ၏ နောက်ခံ အနှောင့်အယှက်များ မဖြစ်စေရန် ပံ့ပိုးသင့်ပါသည်၊



# NEED HELP?

## CONTACT YOUR CHILD'S TEACHER FIRST